**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# တစ်ပတ်အတွင်းမြန်မာ့နိုင်ငံရေးသတင်းအကျဉ်းချုပ် [၁၁၄/ ၂၀၁၂]

၂၀၁၂ ခုနှစ်၊ မတ်လ (၂၅) ရက်နေ့မှ ၂၀၁၂ ခုနှစ် မတ်လ (၃၁) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- ကြားဖြတ်ရွေးကောက်ပွဲတွင် သတင်းမီဒီယာများကို ကန့်သတ်ချက်မရှိ၊ လွတ်လပ်စွာ သတင်းရယူခွင့်ပြုမည်ဖြစ်ကြောင်းနှင့် ပြည်တွင်း သတင်းထောက် ၄၀၀ ကျော်ကို သတင်းရယူခွင့် ပြုထားပြီးဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက မတ်လ ၂၈ ရက်နေ့တွင် ပြောကြားလိုက်သည်။ (RFA 280312) Read More...
- အပစ်ခတ်ရပ်စဲရေး ပဏာမ သဘောတူညီမှု ရရှိထားသည့် ရှမ်းပြည်တပ်မတော် တောင်ပိုင်း (SSA-S) ကို အစိုးရတပ်မှ တိုက်ခိုက်မှု များပြုလုပ်နေခြင်းအပေါ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် မီးရထားဝန်ကြီး ဦးအောင်မင်းက သမ္မတ ဦးသိန်းစိန် နှင့်တိုက်ရိုက်ဆွေးနွေးမည်ဟု SSA-S ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူး စိုင်းလောင်ဆိုင်းကပြောသည်။ (Irrawaddy 280312) Read More...
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲများတွင် လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲများဖြစ်ရမည်ဟု မြန်မာနိုင်ငံခြားရေး ဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မတ် ၂၉ ရက်နေ့၌ နိုင်ငံတကာလေ့လာရေးအကဲခတ်အဖွဲ့များနှင့်တွေ့ဆုံပွဲတွင် ထပ်မံအာမခံပြောဆို လိုက်သည်။ (VOA 290312) Read More...
- ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲများတွင် ပြည်ပရောက် မြန်မာနိုင်ငံသားများကို မဲပေးနိုင်ရန် အစိုးရကစီစဉ်ပေးခြင်းမရှိ ကြောင်းနှင့် မြန်မာသံရုံးများမှလည်း အကြောင်းကြားလာခြင်းမရှိကြောင်း စင်္ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများကပြောသည်။ (DVB 310312) Read More...

## ကြံ့ဖွံ့ပါတီ

- ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် တပတ်သာလိုနေချိန် လက်ရှိအာဏာရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP မှ ကောက်ကျစ်နည်းများ ပိုမိုအသုံးပြုလာကြောင်း ဒေသခံနိုင်ငံရေးပါတီများကပြောသည်။ (S.H.A.N 260312) Read More...
- ကြံ့ဖွံ့ပါတီ USDP က နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျောက်ခဲအင်းကျေးရွာမှ ကျောင်းထိုင်ဘုန်းကြီးအား မီးစက်တစ်လုံးနှင့် ကျပ်ငွေ ၁၅ သိန်း သွားရောက်လှူဒါန်းကာ အဆိုပါဘုန်းကြီးက အသံချက်စက်ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကို မကြိုဆိုကြ ရန်နှင့် အဖွဲ့ချုပ်ကမည်သည့်အရာမှ လုပ်ဆောင်ပေးမည်မဟုတ်ကြောင်း ခြိမ်းခြောက်စည်းရုံးခဲ့ကြောင်း ယင်းမဲဆန္ဒနယ် အဖွဲ့ချုပ် ကိုယ်စားလှယ်လောင်း ဦးနိုင်ငံလင်းကပြောသည်။ (DVB 260312) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ဝင်ရောက်ယှဉ်ပြိုင်မည့် ကော့မှူးမြို့နယ် မဲဆန္ဒနယ်တွင် ကြံ့ဖွံ့ပါတီ USDP က ငွေကြေးပစ္စည်းများနှင့် မဲဆွယ်နေကာ သူမအပေါ် ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ထားသည့်စာရွက်စာတမ်း ဖြန့်ဝေခဲ့ကြောင်းနှင့် ယခင်စစ်အစိုးရလက်ထက်မှ ဝန်ကြီးဟောင်းအချို့ USDP ဘက်မှ ပါဝင်မဲဆွယ်နေကြသည်။ (RFA 270312) Read More...
- ကြံ့ဖွံ့ပါတီ USDP မှ ပြည်သူ့အကျိုးပြုလုပ်ငန်းလုပ်ရာ၌ သုံးစွဲသော ရန်ပုံငွေများသည် အစိုးရ၏ ရန်ပုံငွေများမဟုတ်ပဲ ပါတီရန်ပုံငွေများ သာဖြစ်ကြောင်း USDP အထွေထွေအတွင်းရေးမှူး ဦးဌေးဦးကပြောဆိုလိုက်သည်။ (Myit Makha 270312) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ရန်ကုန်တိုင်း၊ ကော့မှူးမြို့တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP မှ မတ်လ ၂၈ ရက်နေ့က ပြုလုပ်ခဲ့သည့် မဲထည့်ပုံထည့်နည်း ရှင်းလင်းပြောပြမှုသည် မဲများကိုပယ်မဲဖြစ်အောင် လုပ်ခိုင်းနေခြင်းဖြစ်ကြောင်း မြို့ခံအမျိုးသမီးကြီးတစ်ဦးကပြောသည်။ (KIC 280312) Read More…
- မကွေးတိုင်း ပခုက္ကူမြို့နယ် မြင်းဝင်းကျေးရွာတွင် ကြားဖြတ်ရွေးကောက်ပွဲ မဲပေးပုံမှန်ကန်စေရန်ရည်ရွယ်၍ မဲပေးနည်းသရုပ်ပြသင်တန်းပို့ချနေသည့် ကျေးရွာရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးမြင့်အောင်ကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP ဝင် သုံးဦးက အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် NLD ပါတီဝင်များ မဲဆွယ်နေသည်ဟု ထင်မှတ်ကာ ခြိမ်းခြောက်ပြောဆိုမှုများပြုလုပ်ခဲ့ကြောင်း NLD မြို့နယ် ကိုယ်စားလှယ်လောင်း ဦးပိုက်ကိုက ပြောသည်။ (Irrawaddy 290312) Read More…, DVB…
- မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်မြေအတွက် ပြုလုပ်သည့် မဲဆွယ်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP မှ တောင်သာမြို့နယ် လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သောင်းက ပြိုင်ဘက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အား ပုတ်ခတ်ပြောဆိုခဲ့သည်ဟု ကျောက်ပန်းတောင်းမြို့နယ် NLD အောင်နိုင်ရေးအဖွဲ့တာဝန်ခံဦးအေးခိုင်ကပြောသည်။ (Mizzima 300312) Read More…
- နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲကော်မရှင်မှ ချမှတ်ထားသည့် စည်းကမ်းများလိုက်နာကြလျှင် ကြားဖြတ်ရွေးကောက်ပွဲသည် တရားမျှတမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းတာဝန်ခံ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP ဦးအောင်သိန်းလင်းကပြောသည်။ (KIC 310312) Read More…
- ရန်ကုန်တိုင်း ကော့မှူးမြို့နယ်ထဲတွင် ကြံ့ဖွံ့ပါတီ USDP က လူတစ်ဦးလျှင် ကျပ်ငွေ ၃,ဂဂဂ ကျပ်နှုန်းဖြင့်ပေးကာ မော်တော်ယာဉ်များနှင့်လှည့်လည်မဲဆွယ်ရင်းဒေသခံများကို ဆဲဆိုရန်စမှုများပြုလုပ်ခဲ့ကြောင်း ကော့မှူးအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အောင်နိုင်ရေးတာဝန်ခံ ဦးအေးသိန်းကပြောသည်။ (DVB 310312) Read More…
- နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ကြိုတင်မဲကောက်ခံရာ၌ ကြံ့ဖွံ့ပါတီ USDP ကို မဲထည့်ပါဆိုသည့်တိုက်တွန်းပြောဆိုမှုများရှိနေသော်လည်း ပြဿနာကြီးများ ဖြစ်ပွားမှုမျိုးမရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကိုယ်စားလှယ်လောင်း ဒေါ်စန္ဒာမင်းက ပြောသည်။ (DVB 310312) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က မတ် ၃၁ ရက်နေ့တွင် ၎င်းဝင်ရောက်အရွေးခံမည့် ကော့မှူးမြို့နယ်ကို သွားရောက်ခဲ့ရာ ကြံ့ဖွံ့ပါတီ USDP က ကားများနှင့်လိုက်ကာ အနှောင့်အယှက်ပေးခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့ကြောင်း အဖွဲ့ချုပ်လုံခြုံရေးအဖွဲ့ဝင်တစ်ဦးကပြောသည်။ (VOA 310312) Read More…
- ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ကျေးရွာမဲဆန္ဒနယ်များတွင် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာကော်မရှင်နှင့် ကြံ့ဖွံ့ပါတီ USDP စည်းရုံးရေးမှူးများက မတ် ၃ဂ ရက်နေ့က တအိမ်တက်ဆင်း ကြိုတင်မဲများ လိုက်လံကောက်ယူနေကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မြောင်းမြမြို့နယ် အောင်နိုင်ရေးတာဝန်ခံ ဦးမြင့်လွင်ကပြောသည်။ (RFA 310312) Read More…
- ဧပြီလ ၁ ရက်နေ့ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်များထံ မဲပေးရမည့်စလစ်နံပါတ်အား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP က လိုက်ဝေနေသောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကိုယ်စားလှယ်လောင်းက ရွေးကောက် ပွဲကော်မရှင်ထံ တိုင်ကြားလိုက်ကြောင်း NLD ကိုယ်စားလှယ်လောင်း စိုင်းမြင့်မောင်ကပြောသည်။ (IMNA 310312) Read More…

တပ်မတော်

လူ့အခွင့်အရေးချိုးဖေါက်မှုများ

- သျှမ်းပြည်တပ်မတော်တပ်ဖွဲ့ကို လက်ခံထမင်းကျွေးသည်ဟု ပြည်သူ့စစ်တိုင်ကြားမှုကြောင့် သိန္နီမြို့ ကျေးလက်ဒေသခံရှားသား မိသားစုအား မြန်မာစစ်တပ်က မတ်လ ၂၅ ရက်နေ့တွင် ဝိုင်းဝန်းရိုက်နှက်ခဲ့ကြောင်း ဒေသခံအိုက်စိုင်းကပြောသည်။ (S.H.A.N 270312) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

## လွှတ်တော်

### ပြည်ထောင်စုလွှတ်တော်

- အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့မှ ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့ကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအတွင်း ထည့်သွင်းထားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ မတ်လ ၂၈ ရက်နေ့က ဆုံးဖြတ်လိုက်ကြောင်း အထက်လွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဒေါ်နန်းဝါနုကပြောသည်။ (Mizzima 290312) Read More..., Irrawaddy...

### အမျိုးသားလွှတ်တော်

- မြန်မာနိုင်ငံ တိုးတက်ပြောင်းလဲရေးတွင် အဓိကလုပ်ဆောင်ရမည့် အချက်ထဲ၌ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးသည် အရေးအကြီးဆုံးကိစ္စရပ်တစ်ခုဖြစ်ကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နှင့် ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်ကပြောသည်။ (Irrawaddy 270312) Read More...

### ပြည်သူ့လွှတ်တော်

- ဘဏ္ဍာငွေခွင့်ပြုချက်ကို ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးခဲ့သော်လည်း သံသယရှိသော စီမံကိန်းများကို ပြည်ထောင်စု အစိုးရက စိစစ်ပြီး အတည်ပြုချက်ရမှသာ ထိုဘဏ္ဍာငွေများကို သုံးစွဲသွားရန် ပြည်ထောင်စုအစိုးရက သဘောတူဆောင်ရွက်လျက်ရှိကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက လွန်ခဲ့သည့်မတ် ၂၁ ရက်နေ့ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတွင် ပြောကြားလိုက်သည်။ (EMG 250312) Read More...
- ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ရေးရာကော်မတီများက အသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံရန် မတ်လ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့ကို စီစဉ်ထားသော်လည်း ယာယီရွှေ့ဆိုင်းလိုက်ကြောင်း ပြည်သူ့လွှတ်တော်၏ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက သတင်းမီဒီယာများအား မတ်လ ၂၈ ရက်နေ့က အကြောင်းကြားလိုက်သည်။ (Mizzima 280312) Read More...

## ရွေးကောက်ပွဲကော်မရှင်

- ကြားဖြတ်ရွေးကောက်ပွဲဝင် ပါတီအချို့၏ တိုက်တွန်းချက်ဖြင့် မဲပေးခွင့်ဆုံးရှုံးနေသည့် မဲဆန္ဒရှင်များ၏ ပြန်လည်တင်ပြချက်ကြောင့် မော်လမြိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်က မတ်လ ၂၈ ရက်နေ့က နောက်ဆုံးစာရင်းချုပ် ထုတ်ပြန်ချက်တွင် မဲစာရင်း လေးထောင်နီးပါးတိုးလာကြောင်း ရွေးကောက်ပွဲဝင်ပါတီများကပြောသည်။ (Mizzima 280312) Read More...
- ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတမှုရှိရန် ဆောင်ရွက်မှုသည် နိုင်ငံတကာမှ ဝိတ်ဆို့မှုများ ရုပ်သိမ်းခြင်း၊ မရုပ်သိမ်းခြင်းနှင့် သက်ဆိုင်မှုမရှိပဲ လုပ်စရာရှိသည့်တာဝန်ကို ထမ်းဆောင်နေခြင်းသာ ဖြစ်ကြောင်း ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက မတ် ၂၈ ရက်နေ့က ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ (RFA 280312) Read More...
- လာမည့်ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲသည် လွန်ခဲ့သည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကဲ့သို့ ကြိုတင်မဲများနှင့် အနိုင်ရသွား ခြင်းမျိုး ဖြစ်စေမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက မတ် ၂၈ ရက်နေ့တွင် အာမခံပြောကြားလိုက်သည်။ (VOA 280312) Read More...
- ကြားဖြတ်ရွေးကောက်ပွဲအတွက် မတ် ၃၀ ရက်နေ့မှစတင်ကာ ကြိုတင်မဲများ ပေးနေပြီဖြစ်သည့်အတွက် ယင်းမဲများတွင် မသမာမှုများ မရှိစေရန် အသေအချာစီစဉ်ဆောင်ရွက်ထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပြောဆိုလိုက်သည်။ (VOA 300312) Read More...
- ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို စနစ်တကျတင်ပြခြင်းမရှိပါက ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက်ခံရနိုင်သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကသတိပေးကြေညာလိုက်သည်။ (DVB 300312) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ကြားဖြတ်ရွေးပွဲတွင် မဲရုံမှူးများနှင့် ရပ်/ကျေးကော်မရှင်များ ဘက်လိုက်မှုမရှိပဲ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် ရန်ကုန်တိုင်း ဒေသကြီးရွေးကောက်ပွဲကော်မရှင် ဥက္ကဌ ဦးကိုကိုက မြို့နယ် ၆ မြို့နယ်မှကော်မရှင်များအား ခေါ်ယူတွေ့ဆုံမှာ ကြားလိုက်သည်။ (YMG 300312) Read More…
- ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်များတွင် ကြိုတင်မဲပေးခြင်းကို နိုင်ငံရေးပါတီများ စောင့်ကြည့်နိုင်ရန် ခွင့်ပြုထားကြောင်း ရန်ကုန်တိုင်း ဒေသကြီးရွေးကောက်ပွဲကော်မရှင် ဥက္ကဌ ဦးကိုကိုက မတ် ၂၉ ရက်နေ့က လသာမြို့နယ်အထက်တန်ကျောင်းတွင် ပြုလုပ်သည့် ရပ်/ကျေးကော်မရှင်များနှင့် တွေ့ဆုံစည်ပွဲ၌ ပြောကြားလိုက်သည်။ (YMG 300312) Read More…
- ရွေးကောက်တင်မြောက်ခံရသည့်ကိုယ်စားလှယ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်က အတည်ပြုကြေညာပြီးသည့် နေ့မှ စတင်၍ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်နိုင်ကြောင်း ရွေးကောက်ပွဲနည်းဥပဒေပါ ဖော်ပြချက်ကို ယခုကြားဖြတ် ရွေးကောက်ပွဲတွင် ၂၁ ရက်အတွင်း ပြောင်းလဲလိုက်ကြောင်း ပြည်တောင်စု ရွေးကောက်ပွဲကော်မရှင် ဦးသာဦး ခေါင်းဆောင်သည့် အဖွဲ့က မတ် ၂၉ ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးခရိုင်တွင် ပြောဆိုလိုက်သည်။ (RFA 300312) Read More…
- ကြားဖြတ်ရွေးကောက်ပွဲအတွက် အောက်ခြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆောင်ရွက်ချက်များသည် အားနည်းချတ်ယွင်း ချက်များရှိနေကြောင်း ရွေးကောက်ပွဲစောင့်ကြည့်ရေး လွတ်လပ်သောစေတနာ့ဝန်ထမ်းများအဖွဲ့က မတ်လ ၂၉ ရက်နေ့ကပြောဆို လိုက်သည်။ (RFA 300312) Read More…
- နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် ဆန္ဒမဲပေးသူများ တိုးလာကာ မဲရေတွက်မှု မြန်ဆန်ရန်အတွက် မဲရုံ ၁၈ ရုံကို ထပ်မံတိုးချဲ့လိုက် ကြောင်း ရွေးကောက်ပွဲကော်မရှင်က မတ် ၂၉ ရက်နေ့က ပြောကြားခဲ့ကြောင်း ယင်းမဲဆန္ဒနယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကိုယ်စားလှယ်လောင်း ဦးဖြိုးဇေယျာသော်က ပြောသည်။ (DVB 310312) Read More…
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြိုတင်မဲအား ၂ ရက်အလို မတ်လ ၃၀ ရက်နေ့မှ ကောက်ရန်စည်းကမ်းချက်ထုတ်ထား သော်လည်း လားရှိုးမြို့တွင်ဝန်ထမ်းများအားခွင့်ကာ တစ်ပတ်အလိုကတည်းက ကောက်ယူထားပြီဖြစ်ကြောင်း မဲဆန္ဒနယ် အမှတ် ၃ ဒေသခံများကပြောသည်။ (S.H.A.N 310312) Read More…

## မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်

- မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က မိမိတို့ယခု ရပ်တည်လှုပ်ရှားနေမှုသည် နိုင်ငံတော်သမ္မတ၏ ထောက်ပံ့ငွေဖြင့် ရပ်တည်နေခြင်းဖြစ်ကြောင်း မတ်လ ၂၈ ရက်နေ့က ပြုလုပ်သည့်ရှင်းလင်းပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြကပြောကြားလိုက်သည်။ (Mizzima 280312) Read More…
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိ၍ ဗဟိုအဖွဲ့အစည်းအဖြစ်မှ ပြည်ထောင်စု လွှတ်တော်၏ ပယ်ဖျက်ခြင်းခံခဲ့ရသည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ယင်းတို့၏ အဖွဲ့အစည်းပျက်ပြယ်ခြင်းမရှိဘဲ လုပ်ငန်းဆောင်ရွက်မှုများ ဆက်လက် ဆောင်ရွက်သွားမည်ဟု မတ်လ ၂၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများမှတဆင့် ကြေညာချက်ထုတ်ပြန်လိုက်သည်။ (Mizzima 280312) Read More…

## အခြားနိုင်ငံရေးပါတီများ

- အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်မှုများ ဝေဖန်သည့် ဆောင်းပါးတစ်ပုဒ်ကို ဖေဖော်ဝါရီလ ၂၉ ရက်နေ့က ရခိုင်တိုင်းရင်းသား များ တိုးတက်ရေးပါတီ RNDP ထုတ်ဂျာနယ်တွင် ဖော်ပြခြင်းကြောင့် စာပေစိစစ်ရေးမှ ခေါ်ယူကာ ထိုသို့သောအရေးအသားမျိုး ထပ်မံရေးသားခြင်းမပြုရန် သတိပေးခဲ့ကြောင်း ပါတီအထွေထွေအတွင်းရေးမှူး ဦးဦးလှစောကပြောသည်။ (Mizzima 260312) Read More…
- မွန်အမျိုးသားဒီမိုကရေစီအဖွဲ့နှင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီတို့ တစ်ပါတီအဖြစ် မပူးပေါင်းနိုင်ပါက မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ နှုတ်ထွက်မည်ဟု မတ်လ ၂၆ ရက်နေ့က ဥက္ကဌ ဖြစ်သူ နိုင်ဂျနူမါန် (ခေါ်) နိုင်ငွေသိန်းကပြောသည်။ (IMNA 260312) Read More…
- လာမည့် ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မဲဆန္ဒနယ်မှာ မဲဆရင်းမှားယွင်းမှု တစ်သောင်းဂန်းကျင်ခန့်ရှိသော်လည်း မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများမှ တာဝန်ယူတောင်ရွက်မှုများမရှိကြောင်း မွန်ပါတီ ရွေးကောက်ပွဲအောင်နိုင်ရေး ဥက္ကဌ နိုင်အောင်ချမ်းကပြောသည်။ (IMNA 280312) Read More…
- နာမည်ကြီးပါတီများဖြစ်သော အမျိုးသားဒီမိုကရေစီပါတီ NLD၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ NUP များကို အကြိတ်အနယ် ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း အောင်နိုင်ရေးအတွက် ကိုယ်ကိုကို ယုံကြည်မှု

အပြည့်အဝရှိသည်ဟု ကလောမြို့၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် စဝ်သာဦးက ပြောသည်။ (S.H.A.N 280312) Read More…

- မဲဆန္ဒနယ်အမှတ် ၃ အမျိုးသားလွှတ်တော် လစ်လပ်နေရာ၌ လာမည့် ဧပြီလ ၁ ရက်နေ့ ကြားဖြတ် ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ SNDP ဒု-ဥက္ကဌ စိုင်းဆောင်ဆီကိုယ်တိုင် ဦးဆောင်ကာစည်းရုံးရေး ဆင်းခဲ့ကြောင်း မြို့ခံများက ပြောသည်။ (S.H.A.N 300312) Read More…
- မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ထဲမှ ရပ်ကွက်ပေါင်း ၂၂ ခုနှင့် ကျေးရွာပေါင်း ၁၉ ရွာတွင် မဲပေးပိုင်ခွင့်လူစာရင်း ၈,၀၀၀ ကျော်သည် လူမရှိဘဲ နာမည်သာရှိနေသည့်အတွက် ယင်းစာရင်းအမှားကို ကော်မရှင်ထံတိုင်ကြားသော်လည်း ပြင်ဆင်စစ်ဆေးရန် အချိန်မမီနိုင်ကြောင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ AMRDP အောင်နိုင်ရေး ဥက္ကဌ နိုင်အောင်ချမ်းကပြောသည်။ (DVB 310312) Read More…

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဌ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးကြောင့် မကွေးတိုင်း စည်းရုံးရေးခရီးစဉ် ဖျက်သိမ်းလိုက်ရကြောင်း သတင်းထုတ်ပြန်လိုက်သည့်နောက်ပိုင်း မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့ဒေသခံများက ဒေါ်အောင်ဆန်းစုကြည်အတွက် စိုးရိမ်ပူပင်ကာ ညတွင်းခြင်းလမ်းပေါ်ထွက်ပြီး မြို့ပတ်ကာဆုတောင်းခြင်း၊ မေတ္တာပို့ခြင်းများပြုလုပ်ခဲ့ကြသည်။ (Myit Makha 260312) Read More…
- ကြားဖြတ်ရွေးကောက်ပွဲအတွက် စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်တွင် မဲပေးနိုင်သူဦးရေ ၈၀,၀၀၀ ကျော် ရှိသည့်အနက် မဲပေးနိုင်သော်လည်း မဲစာရင်းထဲ မပါဝင်သည့် မဲဆန္ဒရှင် ၁,၀၀၀ ကျော်ရှိသည်ဟု ပုလဲမြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကိုယ်စားလှယ်လောင်း ဒေါ်ခင်စန်းလှိုင်ကပြောသည်။ (Mizzima 260312) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရခိုင်ပြည်နယ် ရုံးဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲကို မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းက ပြည်နယ်မြို့တော် စစ်တွေမြို့တွင် ပြုလုပ်ခဲ့စဉ် ပရိတ်သတ် ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း အဖွဲ့ချုပ် ပြည်နယ်အတွင်းရေးမှူး ဦးခင်လှကပြောသည်။ (Narinjara 260312) Read More…
- လစ်လပ်မဲဆန္ဒနယ်ဖြစ်သော မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်ရှိ တပ်မတော်ခြေလျင်တပ်ရင်း (ခလရ) ၄၃၅ နှင့် ၄၃၆ တပ်ရင်းများ တည်ရှိရာ နယ်မြေများအတွင်းသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်ဝင်ရောက်ယှဉ်ပြိုင်မည့် ၎င်းအနေဖြင့် ဝင်ရောက်စည်းရုံးရန် ကြိုးပမ်းခြင်းကို လုံခြုံရေးအကြောင်းပြ၍ ခွင့်မပြုကြောင်း ဒေါက်တာဒေါ်မေဝင်းမြင့်ကပြောသည်။ (Irrawaddy 270312) Read More…
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ယနေ့အချိန်အခါသည် အကြောက်တရားလွှမ်းမိုးမှုကို တော်လှန်၍ ကိုယ်လိုလားသော လူ့အဖွဲ့အစည်းတစ်ခုထူထောင်နိုင်ရန် ကြိုးပမ်းနေရသည့် "စိတ်ဓာတ် တော်လှန်ရေးကြီး" ကာလဟု ဖက်ဆစ်တော်လှန်ရေးနေ့တွင် ပြောကြားလိုက်သည်။ (Irrawaddy 270312) Read More…
- မြောင်းမြမြို့မဲဆန္ဒနယ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကိုယ်စားလှယ်လောင်း မန်းဂျော်နီက မြောင်းမြမြို့နယ် NLD တိုင်းမဲအောင်နိုင်ရေးတာဝန်ခံ မန်းမျိုးချစ် ဦးစီးကာ မတ်လ ၂၄ ရက်နေ့က စခန်းကြီးကျေးရွာဘောလုံးကွင်းတွင် မဲဆွယ်စည်းရုံးရေးတေးဂီတဖျော်ဖြေပွဲတစ်ရပ်ပြုလုပ်ခဲ့ကြောင်း ပွဲစီစဉ်သူမန်းရဲမင်းထွေးက ပြောသည်။ (KIC 270312) Read More…
- တပ်မတော်နေ့မိန့်ခွန်းပါ ကာကွယ်ရေးဦးစီးချုပ်ပြောဆိုသည့် မြန်မာနိုင်ငံတွင် တပ်မတော်က ဦးဆောင်မှုကဏ္ဍမှာရှိနေခြင်းကို သဘောတူသော်လည်း ယင်းအချက်ကြောင့် တပ်မတော်က နိုင်ငံကိုအုပ်ချုပ်မည်ဆိုခြင်းကို သဘောမတူကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဉာဏ်ဝင်းကပြောသည်။ (VOA 270312) Read More…
- မြန်မာနိုင်ငံ အေးချမ်းသာယာရေးနှင့် ပြည်သူအများ လိုလားနေသည့် ဒီမိုကရေစီပြည်ထောင်စုကြီး ထူထောင်နိုင်ရေးအတွက် အဓိကဆောင်ရွက်ပေးနိုင်မည့်အင်အားစုများသည် ပြည်သူများသာဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။ (RFA 270312) Read More…
- မကွေးတိုင်း ပခုက္ကူမြို့နယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP က ငွေနှင့်ပစ္စည်းများပေးကာ မဲဆွယ်နေခြင်း၊ အစိုးရဂုန်ထမ်းများ ကြံ့ခိုင်ရေးပါတီကို မဲပေးရန် အာဏာဖြင့် ခြိမ်းခြောက်နေခြင်းစသည့် ရွေးကောက်ပွဲမသမာမှုများ ပြုလုပ်နေခြင်းကို

တိုင်းရွေးကောက်ပွဲ ကော်မရှင်ထံ တိုင်ကြားထားကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အမတ်လောင်း ဦးပိုက်ကိုကပြောသည်။ (Irrawaddy 280312) Read More…

- မွန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်တွင် ဆန္ဒမဲထည့်သည့်အခါ နံမည်ရှာရာတွင် လွယ်ကူစေရန် လွှန်ခဲ့သည့် သီတင်းပတ်က ထုတ်ပေးထားသည့်ကဒ်ပြားများကို ရွေးကောက်ပွဲကော်မရှင်က ယခုရက်ပိုင်း ပြန်လည်သိမ်းယူနေသည့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က အမြန်ဆုံးပြန်လည်ရိုက်နိုပ်၍ ဖြန့်ဝေသွားမည်ဟု မွန္တလေးအဖွဲ့ချုပ် ရွေးကောက်ပွဲအောင်နိုင်ရေး ကော်မတီအဖွဲ့ဝင် ဦးမျိုးနိုင်ကပြောသည်။ (RFA 290312) Read More…
- ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့်ရက်မတိုင်မီ ဖြစ်ပွားခဲ့သည့်အခြေအနေများသည် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲတစ်ခု ဖြစ်ရန်အတွက် လက်ခံနိုင်သည့်အခြေအနေများ မဟုတ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် က မတ် ၃၀ ရက်နေ့က ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ (VOA 300312) Read More…, EMG…

## (ခ) အခြားတက်ကြွလှုပ်ရှားသူများ

- ဧပြီလ ၁ ရက်နေ့ ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခြင်းသည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် အတွေ့အကြုံ ယူခြင်းဖြစ် ကြောင်း ၈၈ မျိုးဆက်ကျောင်းသားများ ဦးဆောင်ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးကွန်ယက် အဖွဲ့အမှူးဆောင် ကိုကိုကြီးကပြောသည်။ (NMG 280312) Read More…
- ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှု ကွန်ယက်တွင် ပြည်သူများပူးပေါင်းပါဝင်ကြရန် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များက မတ်လ ၂၈ ရက်နေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။ (RFA 280312) Read More…
- ဒီမိုကရေစီနိုင်ငံထူထောင်ရေးတွင် အရပ်ဘက်လူ့အဖွဲ့အစည်း အင်အားတောင့်တင်းခိုင်မာရေးက အဓိကကျသည့်အတွက် မျိုးဆက် သစ်လူငယ်များအနေဖြင့် ကွန်ယက်အဖွဲ့အစည်းများ တိုးချဲ့ဖွဲ့စည်းလုပ်ဆောင်ကြရန် ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်များက တိုက်တွန်းလိုက်သည်။ (RFA 300312) Read More…
- ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတမှု ၆၀ ရာခိုင်နှုန်းခန့် ရှိနိုင်ကြောင်း နေရာအများအပြားတွင် ကွင်းဆင်းလေ့လာစောင့်ကြည့်နေသည့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကွန်ယက် HRDP အဖွဲ့ကပြောကြားလိုက်သည်။ (BBC 300312) Read More…
- ဟာသ်ာတတက္ကသိုလ်မှ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသား သမဂ္ဂများအဖွဲ့ချုပ် အဖွဲ့ဝင် ကျောင်းသား ၈ ဦးကို အဆင့်မြင့်ပညာဦးစီးဌာနမှ ဒု-ညွှန်ချုပ် ဒေါက်တာမျိုးသိန်းနှင့် ဟာသ်ာတတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစံလင်းတို့က မတ် ၃၁ ရက်နေ့တွင် သီးသန့် ခေါ်ယူတွေ့ပြီး စစ်ဆေးမေးမြန်းနေသည်ဟု ဟာသ်ာတဗကသ ဥက္ကဋ္ဌ ကိုသန့်ဇင်ကပြောသည်။ (DVB 310312) Read More…

## တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- အစိုးရမှ ကရင်အမျိုးသားအစည်းအရုံး KNU ဗဟိုကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်အား ပြန်လွှတ်ပေးသည့်အပေါ် KNU က ကြိုဆိုကြောင်းနှင့် ကျန်ရှိနေသေးသည့် တိုင်းရင်းသားများအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိလွတ်ငြိမ်း ချမ်းသာခွင့်ပေးရန် ကြေညာချက်ထုတ်တိုက်တွန်းလိုက်သည်။ (RFA 250312) Read More…
- ကချင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် အစိုးရအဖွဲ့နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO တို့ကြား ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်နေ သည့်ကြားမှ ထိုးစစ်များထပ်မံတိုးလာနေခြင်းသည် စစ်ရေးအရှိန်များ လျော့ကျသွားရန်အတွက် သဘောတူညီချက်များကို အကောင် အထည်မဖော်နိုင်ခြင်းဖြစ်ကြောင်း KIO က မတ် ၂၄ ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ (VOA 250312) Read More…
- ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် သုံးကြိမ်တိုင် တွေ့ဆုံဆွေးနွေးမှုတိုင်း၌ မွန်ပြည်သစ်ပါတီဘက်က ၎င်းတို့ ရဲဘော်များကို လွှတ်ပေးရန် တောင်းဆိုခဲ့သော်လည်း အစိုးရဘက်မှ ယခုချိန်အထိ ပြန်လည်လွှတ်မပေးသေးကြောင်း မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေး အဖွဲ့ခေါင်းဆောင် နိုင်ရောစကပြောသည်။ (Mizzima 260312) Read More…
- ထောင်ဒဏ် တသက်တကျွန်းနှင့် ၃ နှစ် ပြစ်ဒဏ်ချမှတ်ခံရပြီး ပြန်လည်လွတ်မြောက်လာသည့် ကရင်အမျိုးသားအစည်းအရုံး KNU ခေါင်းဆောင် ပဒိုမန်းငြိမ်းမောင်သည် အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်စဉ်တွင် လတ်တလောပါဝင်ရန် အဆင်သင့် မဖြစ်သေး ကြောင်း KNU ဒု ဥက္ကဋ္ဌ စောဒေးဗစ်တာကဘောကပြောသည်။ (Irrawaddy 260312) Read More…
- ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP နှင့် အစိုးရတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးရန် လာမည့်ဧပြီလဆန်းပိုင်းတွင် စစ်တွေမြို့၌ ပထမဆုံးအကြိမ် တွေ့ဆုံရန်ရှိကြောင်း ALP ဒု-ဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်က မတ် ၂၆ ရက်နေ့က ပြောကြားလိုက်သည်။ (BBC 260312) Read More…, KIC…, IMNA…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ပဏာမသဘောတူထားသည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) RCSS/SSA က နိုင်ငံထဲမှ ရှမ်းပြည်နယ်ခွဲထွက်မည့် မူဝါဒကို စွန့်လွှတ်ကာ ပြည်ထောင်စုနိုင်ငံထဲတွင် ပါဝင်မည့်မူဝါဒများကို ပြောင်းလဲကျင့်သုံးသွားမည်ကြောင်း ကြေညာလိုက်သည်။ (DVB 260312) Read More…
- ကရင်အမျိုးသားအစည်းအရုံး KNU ခေါင်းဆောင်များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ မကြာခင်ရက်ပိုင်း ဧပြီလဆန်းပိုင်းအတွင်း တွေ့ဆုံရန်ရှိကြောင်းနှင့် ရက်အတိအကျကို သတ်မှတ်ရန် ညှိနှိုင်းနေဆဲဖြစ်ကြောင်း အမည်မဖော်လိုသည့် KNU ခေါင်းဆောင်တစ်ဦးကပြောသည်။ (DVB 260312) Read More…
- ကချင်ပြည်နယ် မြို့နယ်သုံးခုတွင် ကြားဖြတ်ရွေးကောက်ပွဲ မကျင်းပနိုင်ခြင်းနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအောင်နိုင်ရေးက ထုတ်ပြန်သည့် ကြေညာချက်သည် အဓိပ္ပါယ်အကောက်အယူ လွဲမှားသွားစေနိုင်ကြောင်း ကချင်လွတ်လပ်ရေးအဖွဲ့ KIO ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်ကပြောဆိုလိုက်သည်။ (Mizzima 270312) Read More…
- ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ အောင်အောင်မြင်မြင် ဖြစ်မြောက်စေရန် ကချင်လွတ်မြောက်ရေးအဖွဲ့ အနေဖြင့် ဝိုင်းဝန်းကူညီသွားမည်သကဲ့သို့ NLD ပါတီက KIO နှင့်ဆွေးနွေးရန်ဆန္ဒရှိကြောင်း ထုတ်ပြန်ချက်ကို ကြိုဆိုကြောင်း KIO က မတ်လ ၂၈ ရက်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။ (RFA 280312) Read More…
- တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် ကလိုထူးဘော DKBA အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် နိုင်ငံရေးအရ ဆွေးနွေးမှုကို မိခင်အဖွဲ့အစည်းအဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး KNU ၏ ဦးဆောင်မှုအတိုင်း လိုက်ပါဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကလိုထူးဘော DKBA ပြောရေးဆိုခွင့်ရှိသူ စောဂုန်အောင်က မတ်လ ၂၉ ရက်နေ့တွင် ပြောကြားလိုက်သည်။ (RFA 290312) Read More…

အတိုက်အခံအင်အားစုများ (ပြည်ပ)

- မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)က သမ္မတ ဦးသိန်းစိန်အစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ ဆွေးနွေးနေမှုများနှင့်ပတ်သက်၍ နိုင်ငံတကာရောက် အဖွဲ့ဝင်ဟောင်းများထံ ရှင်းလင်းဆွေးနွေးကာ အကြံဉာဏ်များလည်း တောင်းခံနေသည်ဟု အမေရိကန်နိုင်ငံ ဖိုဒ်ဝင်းမြို့မှ ABSDF အဖွဲ့ဝင်ဟောင်း ကိုအောင်မြင့်ထွန်းက ပြောသည်။ (RFA 250312) Read More…
- နိုင်ငံရေးအကျဉ်းသားများကို ဆက်လက်ပြီး ပြစ်ဒဏ်ချမှတ်နေသည့် သက်သေသာဓကများကြောင့် လွတ်လပ်မျှတသည့် ရွေးကောက်ပွဲများသည် နိုင်ငံရေးနှင့်နိုင်ငံသား လွတ်လပ်ခွင့်ရှိသည်ဟု မဆိုနိုင်ကြောင်းနှင့် နိုင်ငံရေးအကျဉ်းသားအားလုံး ထပ်မံလွှတ်ပေးရန် ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း AAPP က တောင်းဆိုလိုက်သည်။ (DVB 270312) Read More…
- အန္တိယရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများက ၂၀၁၂ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်သံချပ် စီဒီခွေကို "စနစ်ဆိုးနဲ့ စစ်ဂျိုးခွာစို့"ဟု အမည်ပေးကာ လက်ရှိအစိုးရနှင့် ပြည်တွင်း၊ ပြည်ပ အတိုက်အခံအဖွဲ့အစည်းများကို ဝေဖန်အကြံပြုချက်များပါဝင်ကာ မတ် ၂၉ ရက်နေ့မှ စတင်ဖြန့်ဝေလိုက်ကြောင်း သံချပ်စီစဉ်သူ ကျော်ကမ်မဲ ကိုကျော်ကြီးကပြောသည်။ (DVB 300312) Read More…

နိုင်ငံတကာ

(က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- ကချင်ပြည်နယ်မှ စစ်ပြေးဒုက္ခသည်များကို အကူအညီပေးရန် ရန်ကုန်အခြေစိုက် ကုလသမဂ္ဂ အကူအညီပေးရေး ယာဉ်တန်းများသည် ယခုအခါ ကချင်ဒေသကို ရောက်ရှိကူညီနေပြီဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့က မတ်လ ၂၅ ရက်နေ့တွင် သတင်းထုတ်ပြန်လိုက်သည်။ (RFA 250312) Read More…
- မြန်မာနိုင်ငံမှ ကြားဖြတ်ရွေးကောက်ပွဲကို စောင့်ကြည့်အကဲခတ်ရန်အတွက် ကုလသမဂ္ဂက ကိုယ်စားလှယ် အဖွဲ့တစ်ခု စေလွှတ်မည်ဖြစ်ကြောင်းနှင့် ယင်းအဖွဲ့၏ လေ့လာတွေ့ရှိချက်များကို ခရီးစဉ်အပြီး အတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံ အစီရင်ခံသွားမည်ဟု အတွင်းရေးမှူးချုပ်ရုံး တာဝန်ရှိသူများက မတ် ၂၇ ရက်နေ့တွင် Inner City Press သတင်းဌာနကို ပြောကြားလိုက်သည်။ (VOA 270312) Read More…

- မြန်မာအစိုးရ၏ ဖိတ်ကြားချက်အရ ဥရောပသမဂ္ဂ EU က ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်ရေးအဖွဲ့ကို စေလွှတ်မည်ဖြစ်ကြောင်း EU နိုင်ငံခြားဆက်ဆံရေးအကြီးအကဲ Catherine Ashton က မတ်လ ၂၇ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ RFA 280312) Read More..., VOA...
- ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲသည် လွန်ခဲ့သည့်၂၀၁၀ ရွေးကောက်ပွဲကဲ့သို့ အများလက်ခံမှုမရခဲ့သည့် ရွေးကောက်ပွဲမျိုး ထပ်မဖြစ်စေရန်လိုအပ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် သောမတ်စ် အိုဟေး ကင်တားနားက မြန်မာအစိုးရအား သတိပေးပြောကြားလိုက်သည်။ (VOA 300312) Read More...
- ဧပြီလ ၁ ရက်နေ့ ကြားဖြတ် ရွေးကောက်ပွဲကို လေ့လာရန် ရောက်ရှိနေသည့် အာဆီယံ အတွင်းရေးမှူးချုပ် ကိုယ်စားလှယ်အဖွဲ့က ၈၈ မျိုးဆက်ကျောင်းသားများ လုပ်ဆောင်နေသည့် ရွေးကောက်ပွဲစောင့်ကြည့်ရေးလုပ်ငန်းများကို သိလိုသည့်အတွက် မတ် ၃၀ ရက်နေ့တွင် လာရောက်မေးမြန်းခဲ့ကြောင်း ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူကိုကိုကြီးကပြောသည်။ (RFA 300312) Read More...
- မြန်မာနိုင်ငံမှ ကြားဖြတ်ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာရန် အချိန်မလုံလောက်သည့်အတွက် တရားမျှတမှုရှိမရှိဆိုခြင်းကို အကဲဖြတ်ရန် မဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံရောက် ဥရောပသမဂ္ဂ၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့မှ MAIgorzata Wasilewska က ပြောကြားလိုက်သည်။ (BBC 310312) Read More...

## (ခ) အစိုးရ

- အမေရိကန် နိုင်ငံခြားဆက်ဆံရေးကော်မတီ၊ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဒီမိုကရက် လွှတ်တော်အမတ် မစ္စတာ Jim Webb က မြန်မာနိုင်ငံကို ဧပြီလ ၁ ရက် ကြားဖြတ် ရွေးကောက်ပွဲအပြီး ရက်ပိုင်းအတွင်း ဒုတိယအကြိမ်အဖြစ် သွားရောက်မည်ဖြစ်ကြောင်း အေပီသတင်းတွင် ဖော်ပြထားသည်။ (RFA 270312) Read More..., VOA...
- မြန်မာနိုင်ငံ ကြားဖြတ်ရွေးကောက်ပွဲကိုကြည့်ရှုလေ့လာရန် စေလွှတ်မည့်ကိုယ်စားလှယ်အဖွဲ့ဝင်နှစ်ဦးသည် အမျိုးသား ဒီမိုကရက်တစ် အဖွဲ့ NDI မှ Peter Manikas နှင့် နိုင်ငံတကာ ရီပါပလင်ကင်အဖွဲ့ IRI မှ Johanna Kao တို့ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဌာနက မတ် ၂၇ ရက်နေ့က ကြေညာလိုက်သည်။ (RFA 280312) Read More...
- မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများနှင့်ပတ်သက်၍ ပြန်လည်စဉ်းစားကြရန် နိုင်ငံကြီးများကို ကြိုးစား တိုက်တွန်းမည်ဟု မလေးရှားဝန်ကြီးချုပ် မစ္စတာ နာဂျစ် ရာဇက်က မတ် ၂၈ ရက်နေ့က နေပြည်တော်တွင် ပြောကြားလိုက်သည်။ (RFA 290312) Read More...
- ဩစတြေးလျနိုင်ငံ ပြည်ထောင်စုလွှတ်တော် လေဘာပါတီအမတ် Janelle Saffin နှင့် အထက်လွှတ်တော်အမတ် Mathias Cormann တို့သည် မြန်မာနိုင်ငံ ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရန်အတွက် လျှောက်ထားချက်ကို မြန်မာအစိုးရက ဗီဇာပေးရန် ငြင်းဆန်လိုက်သည်။ (VOA 290312) Read More...
- မြန်မာနိုင်ငံ ကြားဖြတ်ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲများဖြစ်ရန်နှင့် ၎င်းရွေးကောက်ပွဲအား မည်ကဲ့သို့ ကျင်းပသွားမည်ဆိုသည့်အချက်သည် နှစ်နိုင်ငံဆက်ဆံမှုရှေ့ရေးကို ရောင်ပြန်ဟပ်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေး ဆိုခွင့်ရှိသူ Mark Toner က မတ် ၂၉ ရက်နေ့က ပြောကြားလိုက်သည်။ (RFA 300312) Read More...
- ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲနောက်ပိုင်း မြန်မာနိုင်ငံတွင် ဒီမိုကရေစီပိုမို ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေးပါ တဟုန်ချင်း ဖွံ့ဖြိုးတိုးတက်သွားမည်ဖြစ်ကြောင်း ထိုင်းပြည်တွင်းလုံခြုံရေးဌာနအကြီးအကဲ ဗိုလ်ချုပ် ဝီရဆက်ကို လော်မ်ဝုန်က မတ် ၃၀ ရက်နေ့က ပြောကြားလိုက်သည်။ (BBC 310312) Read More...

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအမြန်ဆုံးကောင်းမွန်စေရန် ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် တိဗက်ဘုန်းတော်ကြီး ဒလိုင်းလားမားက မတ်လ ၂၆ ရက်နေ့က ဆုတောင်းမေတ္တာပို့သသည့်စာတစ်စောင် ပေးပို့လိုက်သည်။ (RFA 270312) Read More...

***End of report/ Saturday, March 31, 2012***

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

***Documentation and Research Department (NDD)***